ထန်းတော(မ)ကျေးရွာ
ပုသိမ်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀–၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထန်းတော(မ)ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	

	ထန်းတော(မ)ကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ပုသိမ်ကြီးမြို့နယ်	
	ထန်းတော(မ)ကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ပုသိမ်ကြီးမြို့နယ်	
	ထန်းတော(မ)ကျေးရွာ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ပုသိမ်ကြီးမြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း

လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်းပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်သင်တန်းလုပ်ဆောင်ပေးယုံသာ မကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက် ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါ မည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၁
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထန်းတော(မ)ကျေးရွာ
ပုသိမ်ကြီးမြို့နယ်

၁. ပုသိမ်ကြီးမြို့နယ် ၊ အင်ကျယ်ကျေးရွာအုပ်စု ၊ ထန်းတော(မ)ကျေးရွာ၏ သယံဇာတပြမြေပုံ

၂. ပုသိမ်ကြီးမြို့နယ် ၊ အင်ကျယ်ကျေးရွာအုပ်စု ၊ ထန်းတော(မ)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ထန်းတော(မ)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ပုသိမ်ကြီးမြို့၏ မြောက်ဘက်(၈/၄)မိုင်ခန့်တွင်တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်နယ်နိမိတ်တွင် ဆည်တော်ကြီးမြောင်း၊ အနောက်ဘက်တွင်သခင်မတောင်တန်း၊ တောင်ဘက်တွင် ထန်းတော(တ)ရေကျေးရွာနှင့် မြောက်ဘက်တွင် ဂန္ဓမာကျေးရွာတို့တည်ရှိပါသည်။ အိမ်ခြေအားဖြင့် (၆၇)ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ ပုသိမ်ကြီးမြို့ဖြစ်ပြီး ကျေးရွာ၏ ကုန်စည်ဝန်ဆောင်မှု အချို့အတွက် အဆိုပါပုသိမ်ကြီးမြို့နယ်နှင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ပစ္စည်းစုံဝန်ဆောင်မှုနှင့်အခြားကုန်စည်ဝန်ဆောင်မှုများအတွက် မန္တလေးစျေးချိုသို့သာသွားရောက် ဝယ်ယူဆောင်ရွက်ကြပါသည်။ စျေးချိုနှင့်ဆက်သွယ်သောလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပါသည်။ကျေးရွာတွင်းလမ်းများမှာမြေသားလမ်းအဆင့်ဖြစ်ပြီး၊နွေရာသီတွင်သွားလာမှုအဆင်ပြေသော်လည်း မိုးရာသီတွင် ရွံ့ဗွက်များထခြင်းများကြောင့် သွားလာမှုအနည်းငယ်ခက်ခဲပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ထန်းတော(မ)ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီစင်တီဂရိတ်ရှိတက်ပါသည်။ ထန်းတော(မ)ကျေးရွာတွင်သီးနှံများကို ဆည်တော်ကြီးမြောင်းလျှပ်စစ်တင်စနစ်ကို အမှီပြုစိုက်ပျိုးကြသည်။ လယ်မြေများမှာ မြေဆီလွှာအရည်အသွေးကောင်းမွန်သောကြောင့် သီးနှံများဖြစ်ထွန်း အောင်မြင်ကြပါသည်။ အဓိက စိုက်ပျိုးသီးနှံမှာ စပါးနှင့်ပဲဖြစ်ပြီးသဘာဝဆေးဘက်ဝင်အပင်များ အနေဖြင့် ရှားဇောင်းလက်ပတ်၊ သရင်းကျီး နှင့်သရင်းဂတိုးပင်များရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ထန်းတောကျေးရွာတွင်လူမှုရေးကိုအခြေခံ၍ဖွဲ့စည်းထားသောသာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ မီးလင်းရေးကော်မတီ ၊ဓမ္မစကြံဘအဖွဲ့နှင့်ကျောင်းကော်မတီစုစုပေါင်းအဖွဲ့(၄) ဖွဲ့ရှိပါသည်။ကျေးရွာ၏ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများစွာမရှိသော်လည်းဌင်းတို့၏အခန်းကဏ္ဍအလိုက်သက်ဆိုင်ရာတာဝန်များကိုထမ်းဆောင်လျှက်ရှိသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊တာဝန်ခံမှုအပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ထန်းတော(မ)ကျေးရွာတွင်၅၈ကမှ၁၂.၅၈ကကြား တောင်သူလတ်(၂)စု၊ ၂.၅၈ကမှ၅၈ကကြားတောင်သူငယ်အိမ်ထောင်စု(၃)စုနှင့်၂.၅၈ကအောက်ဆင်းရဲသားတောင်သူအိမ်ထောင်စု(၁၉)စုနှင့် မြေယာမဲ့ အိမ်ထောင်စု(၄၃)စု ရှိပြီး စပါးနှင့်ပဲကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စု (၄၃)စု ရှိသဖြင့်ကျေးရွာ၏(၆၄%)ဖြစ်ပြီး အများစုမှာတောင်သူလုပ်သားနှင့် ချည်ကွေး၊ လက်သမား၊ ပန်ရံ၊ အခြား ကျပန်းလုပ်ကိုင်သူများဖြစ်ပြီးနီးစပ်ရာကျေးရွာများနှင့် မန္တလေးမြို့များသို့ သွားရောက်လုပ်ကိုင်အသက်မွေးကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသောတောင်သူများအနေဖြင့်ဆည်တော်ကြီးမြောင်းမှလျှပ်စစ်ရေတင်စနစ်ကိုမှီ၍ စိုက်ပျိုးကြသဖြင့်စိုက်ပျိုးရေ အတွက်အခက်အခဲမရှိပါ။ သီးနှံများထွက်နှုန်းကောင်းမွန်၍စျေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာ

ရရှိပြီးရာသီဥတုဖောက်ပြန်ပါက သီးနှံအထွက်နှုန်း မကောင်း၍ အကျိုးအမြတ်နည်းခြင်း ဆုံးရှုံးမှုများနှင့် ရင်းဆိုင်ရတက်ပါသည်။ကျေးရွာအတွင်းရှိလယ်သမားများတွင် လက်တွန်း ထွန်စက်(၁)စီးနှင့်ရေစုပ်စက်(၃)လုံးရှိပါသည်။

(ခ) မွေးမြူရေး

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၁)စုရှိပြီးနွားကောင်ရေ(၇၃)ကောင်၊ မြင်းမွေးမြူထားသည့်အိမ်ထောင်စု(၁)စုရှိပြီး မြင်းကောင်ရေ(၃)ကောင်၊ဆိတ်မွေးမြူထား သည့်အိမ်ထောင်စု(၁)စု ရှိပြီး ဆိတ်ကောင်ရေ(၁၅)ကောင်နှင့်ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၉)စုရှိပြီးကြက်ကောင်ရေ (၁၀)ရှိ၍ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ကိုင် နေကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ထန်းတော(မ)ကျေးရွာတွင်ပန်းရံ၊လက်သမားနှင့် တောင်ယာလုပ်ငန်းကိုစိုက်ပျိုးလုပ်ကိုင် ကြသောအခြားကျပန်းလုပ်ကိုင်သူများရှိပါသည်။ တောင်သူများအကျိုးအမြတ်ရ၍အဆင် ပြေလျင် ကျပန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းကြပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတက်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင်(၁.၅)သိန်းနှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင် ရင်းနှီးငွေနည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာလိုသလောက်မရှိသဖြင့်တစ်ပိုင်တစ်နိုင်လုပ်ငန်းမှစီးပွားဖြစ်လုပ်ကိုင် ကြရန်အခွင့်အလမ်းနည်းနေကြပါသည်။ ကျေးရွာမှငွေချေးသူများနှင့် ပြင်ပမှ လာရောက် ချေးယူသူများထံမှ အတိုးနှုန်းကြီးစွာချေးယူနေကြရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ထန်းတော(မ)ကျေးရွာ၏ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသောကြောင့်မိုးရာသီ တွင်ရေအိုင်ခြင်း၊ဗွက်ထခြင်းများကြောင့်ဆိုင်ကယ်၊ထော်လာဂျီကားများသွားလာရသည်မှာ မကောင်းသောကြောင့် အဆင့်မြင့်တင့်ရန်လိုအပ်ပါသည်။ ထန်းတော(မ)ကျေးရွာတွင် စက်ဘီး(၃)စီးနှင့်မော်တော်ဆိုင်ကယ်(၇၈)စီးရှိပြီးသယ်ယူ ပို့ဆောင်ရေးကဏ္ဍ အတွက် အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီတာအားအသုံးပြုနိုင်သူအိမ်ထောင်စုသည် (၂၁)စု၊ ရှိပြီး ကျေးရွာအိမ်ထောင်စု၏(၃၁)ရာခိုင်နှုန်းသာရှိသဖြင့်လျှပ်စစ်မီးနှင့်ပတ်သက်၍ အိမ်ထောင်စု အနည်းငယ်သာ သုံးစွဲနိုင်ကြောင်းတွေ့ရပါသည်။ဆိုလာစနစ်အသုံးပြုသော အိမ်ထောင်စု(၈)စုနှင့်အခြားနည်းဖြင့်အသုံးပြု သော အိမ်ထောင်စု(၃၈)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ထန်းတော(မ)ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၈၇) လုံး၊ရေဒီယို(၂)လုံး၊တီဗွီ(၁၄)လုံးနှင့်ဂြိုလ်တုစလောင်း(၃)ခုစသည်တို့မှရရှိပါသည်။ကျေးရွာမှ ဖုန်းဖြင့်ဈေးကွက်လက်လှမ်းမီစွာအသုံးပြုနိုင်ပါသည်။

၆။ ပညာရေး

ထန်းတော(မ)ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက်မူလတန်းပညာကိုကျေးရွာတွင်သာ အလွယ်တကူသင်ယူနိုင်ကြပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာကို ကျေးရွာနှင့်(၁/၄)မိုင်ခန့် ဝေးသောမင်းကန်ကျေးရွာ အ.ထ.က ကျောင်းသို့သွားရောက် သင်ယူကြရပါသည်။ကျေးရွာအနေဖြင့် ကျောင်းသားဦးရေမှာ မူလတန်းအဆင့်ကျား/မ(၂၈)ဦး၊အလယ်တန်းအဆင့် ကျား/မ (၁၆)ဦး၊ အထက်တန်းအဆင့်ကျား/မ(၈)ဦး နှင့် တက္ကသိုလ်အဆင့် (၄)ဦး စုစုပေါင်း ပညာသင်ကြားနေသူ ကျား/ မ(၅၆)ဦး ရှိပါသည်။

အလယ်တန်းနှင့်အထက်တန်းကျောင်းကို ကျေးရွာနှင့်(၁/၄)မိုင်ခန့် ဝေးသောမင်းကန်ကျေးရွာ အ.ထ.က ကျောင်းသို့လည်းကောင်း၊ ငွေကြေးအဆင်ပြေသော မိဘများအနေဖြင့် မန္တလေးမြို့ရှိ ဘော်ဒါများသို့လည်းကောင်း သွားရောက်အပ်နှံကြပါသည်။ အနီးပတ်ဝန်းကျင်ရှိမင်းကန်ကျောင်းသို့ တက်ရောက်သော ကျောင်းသားများအနေဖြင့် များသောအားဖြင့် စက်ဘီး၊ဆိုင်ကယ်များဖြင့်ကျောင်းတက်ရောက်ကြပါသည်။

ကျေးရွာတွင်စာမတက်သူ(၂)ဦး၊မူလတန်းပြီးမြောက်သူ(၁၁၅)ဦး၊အလယ်တန်းပြီးမြောက်သူ(၇၁)ဦး၊ အထက်တန်းပြီးမြောက်သူ(၄၀)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ(၂၂)ဦး ရှိခြင်းကြောင့်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ထန်းတော(မ)ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများလာရောက်သည့်အတွက် ကူးစက်ရောဂါများ ဆိုးဆိုးရွားရွားမရှိခဲ့ပါ။ ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသောအစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ခြင်း၊ ရာသီတုတ်ကွေး၊ ဖျားနာခြင်းဖြစ်ပေါ်တက်ပါသည်။

သောက်သုံးရေအတွက် အိမ်တိုင်းတွင်အများအားဖြင့် အဝီစိတွင်းစက်တပ်၊ အဝီစိတွင်းတုံကင်များရှိသည့်အပြင် ဆည်တော်ကြီးမြောင်းရှိသဖြင့် သောက်သုံးရေအခက်အခဲ မရှိပါ။ သို့သော်ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများမရှိသေးပါ။

သန့်ရှင်းသောယင်လုံအိမ်သာများကိုအသုံးပြုသည့် အိမ်ထောင်စု(၅၉)စုရှိပြီး အိမ်သာမရှိသော အိမ်ထောင်စု(၈)စုသာရှိပါသည်။ တချို့အိမ်ထောင်စုများသည် စုပေါင်းသုံးစွဲကြသည့်အတွက် ကျန်းမာရေး အသိပညာအနည်းငယ်လက်လမ်းမီမှုရှိသည်ဟု ဆိုနိုင်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဝဝန်းကျင် ထိန်းသိမ်းရေး

ထန်းတော(မ)ကျေးရွာတွင် စိုက်ခင်းများဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ သရက်ခြံများမှ သရက်သီးများ အရည်အသွေးကောင်းမွန်လာနိုင်စေရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအားနည်းသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ထန်းတော(မ)ကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင်ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် အင်ကျယ်			ကျေးရွာအမည် ထန်းတော(မ)
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	ပညာရေး	ကျောင်းအဆောက်အဦ	မူလတန်းကျောင်းအုတ်တံတိုင်းကာရံပေးစေလိုခြင်း
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကုန်ထုတ်လမ်းခင်းပေးစေလိုခြင်း

နောက်ဆက်တွဲ (၁)

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်လင်းအောင်	ဦးကြည်အောင်	၉(နိုင်)ပသက/ ၁၀၅၄၈၄	၃၁	ဥက္ကဋ္ဌ	၀၉၇၉၈၉၃၁၂၉၉-
၂	ဦးကျော်လင်း	ဦးညို	၉(နိုင်)ပသက/ ၀၀၃၂၃၆	၄၉	အတွင်းရေးမှူး	၀၉၂၆၂၉၂၆၅၆၅-
၃	ဦးသိန်းဖြိုးဦး	ဦးမောင်စိုး	၉(နိုင်)ပသက/ ၁၁၉၇၈၆	၂၇	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉၄၂၀၇၈၃၄၅၅-
၄	ဦးသန့်ဇင်ဦး	ဦးကျော်ဦး	၉(နိုင်)ပသက/ ၁၀၅၅၂၁	၂၉	ဘဏ္ဍာရေးမှူး	၀၉၂၅၆၇၇၅၅၆၄-
၅	ဒေါ်ခင်ပြည့်စုံ	ဦးမင်းဆွေညို	၉(နိုင်)ပသက/	၂၇	စာရင်းကိုင်	
၆	ဦးတင်စိုး	ဦးကို	၉(နိုင်)ပသက/ ၁၀၅၆၃၃၇	၄၅	အဖွဲ့ဝင်	၀၉၇၇၇၆၂၆၂၁၂-
၇	ဦးတင်မိုး	ဦးကို	၉(နိုင်)ပသက/ ၁၁၉၈၆၈	၄၇	အဖွဲ့ဝင်	၀၉၉၅၅၅၀၅၁၈၃-
၈	ဒေါ်မာမာထွန်း	ဦးဝင်းထွန်း	၉(နိုင်)ပသက/	၁၇	အဖွဲ့ဝင်	၀၉၇၉၇၉၅၇၇၉၄-
၉	ဒေါ်ခိုင်သဇင်ဝေ	ဦးကျော်ဆွေ	၉(နိုင်)ပသက/	၁၇	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၁၃	၁၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅	၇	၁၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၄	၂၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၉	၁၀၇	၂၀၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၅	၇	၁	
စုစုပေါင်း		၁၃၁	၁၄၈	၂၇၉		
စုစုပေါင်း အိမ်ထောင်စု		၆၇				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် အိမ်ထောင်စု(၆၇)စု နှင့် လူဦးရေ (၂၇၉) ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သော ငါးနှစ်အောက်နှင့်နို့စို့အရွယ်နေဖြင့် (၁၀.၃) ရာခိုင်နှုန်း၊ မူလတန်း ကျောင်းသားရွယ် (၄.၃)ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းသားအရွယ် (၉.၀)ရာခိုင်နှုန်း ၊ အလုပ်လုပ် နိုင်သည့်အရွယ် (၇၃.၉)ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို (၂.၅) ရာခိုင်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေအနေဖြင့် တစ်ရွာလုံး၏ (၇၃.၉)ရာခိုင်နှုန်း ရှိသောကြောင့်လူသား အရင်းမြစ်များ များစွာရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ		လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၄	၂၆		၂၆			မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၁၀		၁၀			မြင့် ☐လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား							မြင့် ☐လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၄		၄			မြင့် ☐လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း		၁					မြင့် ☐လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၂၀	၂၄		၂၄			မြင့် ☐လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၆	၆		၆			မြင့် ☐လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	၁	၃	၁		၃		မြင့် ☐လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၈	၁၃	၈		၁၃		မြင့် ☐လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁		၁		မြင့် ☐ လတ်☐နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား							မြင့် ☐လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း		၁		၁			မြင့် ☐လတ်☐ နိမ့်☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁			၁		မြင့် ☐လတ်☑ နိမ့်☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား							မြင့် ☐လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**“ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)”**ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း အိမ်ထောင်စုစုစုပေါင်း၏(၃၈.၈%) သာရှိပါသည်။ ကျန်အိမ်ထောင်စုအများစုမှာ

လယ်ယာလုပ်သားနှင့် ဆောက်လုပ်ရေး၊ပန်းရံ၊လက်သမားလုပ်သားများဖြစ်ပြီး ကျေးရွာအနီးနှင့် မြို့ပေါ်သို့သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၄၀၀၀	၇၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၇၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၅၀၀၀	-	၃၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင်လုပ်ခလစာများအနေဖြင့်လယ်ယာလုပ်ငန်းတွင်အမျိုးသားများမှာ (၇၀၀၀/-)နှင့် အမျိုးသမီးများမှာ(၄၀၀၀/-)၊ ဆောက်လုပ်ရေးလက်သမား၊ ပန်းရံလုပ်ငန်းတွင် အမျိုးသားများမှာ(၇၀၀၀/-)နှင့် အမျိုးသမီးများမှာ(၄၀၀၀/-နှင့်၃၀၀၀/-) နှင့်ယာဉ်စက်ပစ္စည်း များတွင်အမျိုးသားများမှာအများဆုံး(၅၀၀၀/-)နှင့်အနည်းဆုံး(၃၀၀၀/-) ရရှိကြသဖြင့် လုပ်ခလစာများတွင် အမျိုးသားများကပိုမိုရရှိကြပြီး ကျား/မကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	**၁၆**	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၄.၅	ကောင်း ☑	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိုတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၅၈.၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။လေ့လာတွေ့ရှိချက်။

။ထန်းတော(မ)ကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှုမှာလယ်မြေ(၁၈)ဧက၊ယာမြေ (၁၆)ဧကာ နှင့်ဥယျာဉ်ခြံမြေ (၂၄.၅) ဧကဖြစ်ပြီး မြေဆီလွှာအရည်အသွေး ကောင်းမွန်ပါသည်။ စိုက်ပျိုးသီးနှံများကို ဆည်တော်ကြီးမြောင်း လျှပ်စစ်ဖြင့်တင်စတစ်မှရရှိသဖြင့် အခက်အခဲမရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ☐ သင့်☐ နည်း☑ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ။။ထန်းတော(မ)ကျေးရွာအနီးတွင်သတ္ထုနှင့်အခြားသယံဇာတများမရှိပါ။ ကျောက်နှင့်သဲများအနည်းငယ်ရှိပြီးအသုံးချနိုင်မှုခက်ခဲပါသည်။ဆေးဖက်ဝင်အပင်များဖြစ်သော ရှားစောင်းလက်ပတ်ပင်နှင့် သရင်းကျီးပင်များရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၉	၁၇	၃၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၆)စုသာရှိပြီး အများစုမှာ အလွန်မပြေလည်သောအိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် လယ်ယာမြေကိုယ်ပိုင်လုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများနှင့်အလွန်မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် လယ်ယာလုပ်သားများနှင့်ဆောက်လုပ်ငန်းလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းများကို အနီးအနားရွာများနှင့် မန္တလေးမြို့သို့ သွားရောက် လုပ်ကိုင်ကြသူအများစုဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ် နှင့်အထက်နှင့်ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့်မိသားစုများ မရှိပါ။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း		✓		✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓		✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စုဝဝတွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စုဝဝတွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စုဝဝတွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင်ထိခိုက်သက်ရောက်မှုအနေဖြင့် သဘာဝရင်းမြစ်ရှားပါးမှု၊ မြေဆီလွှာပျက်ယွင်းမှုနှင့်မိုးခေါင်မှုအလယ်အလတ်ရှိသည်။မြစ်ရေကြီးမှု၊ မုန်တိုင်း၊ ဆူနာမီများစသည့်သဘာဝ ဘေးအန္တရာယ်များမရှိပါ။

(ဇ-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓	✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများ သောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရ သူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်း များ			✓	✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် လူငယ်အများစုသည် ငယ်ရွယ်သူ များဖြစ်ခြင်း၊ အများအမှန် ကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်းများကြောင့် ထိခိုက်လွယ်မှုမြင့်မားသူများ ဖြစ်ပါသည်။ လက်လုပ်လက်စားကျပန်းများ အတွက်လည်းထိခိုက်လွယ်မှု မြင့်မားသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး	၁☐/☑၃/☑	၁၅		၁၅	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	မီးလင်းရေးကော်မတီ	၁☐/☑၃/☐	၉		၉	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ဓမ္မစကြာ်အဖွဲ့	၁☐/☑၃/☐		၁၄	၁၄	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ကျောင်းကော်မတီ	၁☐/☑၃/☐	၅		၅	ပညာရေး ☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ဖွဲ့စည်းထားသော သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့၊မီးလင်းရေးကော်မတီ ၊ဓမ္မစကြာ်အဖွဲ့နှင့်ကျောင်းကော်မတီစုစုပေါင်းအဖွဲ့(၄) ဖွဲ့ရှိပါသည်။ ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိုအားကြိုး မာန်တက် လုပ်ကိုင်သည်ကိုတွေ့ရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင်စီးပွားရေးကိုအခြေခံသောအစိုးရမဟုတ်သော အဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၃		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၉		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		**၆၇**	**၁၀**	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ထန်းတော(မ)ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၄၃)စု၊ ဆင်းရဲသားတောင်သူ(၁၉)စု ၊တောင်သူငယ်(၃)စုနှင့်တောင်သူလတ်(၂)စုရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုအများစုမှာ တောင်သူလုပ်သားများဖြစ်ကြသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	၅၈.၅	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (၏က)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☐		
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးရေးအတွက် ဆည်တော်ကြီးမြောင်းမှရေကိုလျှပ်စစ်ဖြင့်တွန်းတင်သောစနစ်မှ ရရှိပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

၎ယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်၎က	တစ်၎ကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
စပါး	၁၈	တင်း	၆၀	၁၀၀	၈၀	တန်ခူး	ဝါဆို	မြင့်☑လတ်☐ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐ နိမ့်☑
						ဝါခေါင်	နတ်တော်			
ပဲ	၁၅	တင်း	၈	၁၅	၁၁.၅	ကဆုန်	ဝါဆို	မြင့်☑လတ်☐ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐ နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထန်းတာ(မ)ကျေးရွာ ပိုင်ဆိုင်သောလယ်မြေများအားစပါးကို အဓိကထား စိုက်ပျိုးကြပြီးပဲကိုမူအနည်းငယ်သာစိုက်ပျိုးကြပါသည်။ သွင်းအားစုများအနေဖြင့် မြင့်မားပြီးအမြတ်ရရှိမှုမှာ အလယ်အလတ်သာရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၃			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင်လယ်ယာသုံးစက်ကိရိယာအနေဖြင့် လက်တွန်းထွန်စက် (၁)စီး၊ ရေစုပ်စက် (၃)ခုရှိပါသည်။ စိုက်ပျိုးမြေဧကအနည်းငယ်သာရှိသဖြင့် ငှါးရမ်းလုပ်ကိုင်နေသူ အနည်းငယ်သာရှိပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် စပါးနှင့်ပဲကို အဓိကထားစိုက်ပျိုးကြပါသည်။ သီးနှံစိုက်ပျိုးရာတွင် ဆည်တော်ကြီးမြောင်းမှရေကို လျှပ်စစ်ဖြင့်ရေတင်စနစ်မှရေကိုမှီ၍စိုက်ပျိုးကြသဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိပါသည်။ သီးနှံစိုက်ပျိုးရန်အတွက်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှရရှိသည်။ မျိုးကောင်းမျိုးသန့်များကိုဝယ်ယူရရှိနိုင်ပြီးစိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများ ရရှိနိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး /အော်ဂဲနစ်မြေဩဇာ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကို ရွေးရန်။)
နှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက်လက် လှမ်းမီမှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာ၏ စိုက်ပျိုးရေးအနေဖြင့် ရာသီဥတုမမှန်သော်လည်း စိုက်ပျိုးရေးကိုဆည်တော်ကြီးမြောင်းမှရရှိသဖြင့် စိုက်ပျိုးရေလုံလောက်ပါသည်။မြေဆီမြေဩဇာ မကောင်းခြင်း၊ လုပ်သားရှားပါးခြင်း ဖျက်ပိုးနှင့်ရောဂါကျရောက်မှု အနည်းငယ်တွေ့ရှိရသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁	၇၃
နို့စားနွား		
ကျွဲ		
မြင်း	၁	၃
မြည်း		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
လား		
ဆိတ်	၁	၁၅
သိုး	၁	၁၅
ဝက်		
ကြက်	၁	၁၀
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထန်းတော(မ)ကျေးရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ မြင်း၊ ဆိတ်၊ သိုးနှင့် ကြက်များကိုမွေးမြူကြသည်။ မွေးမြူရေးကိုစီးပွားဖြစ်မွေးမြူနိုင်ပါကစီးပွားရေပိုမိုအဆင်ပြေလာနိုင်သည်။ ကျေးရွာတွင် မွေးမြူသည့်တိရစ္ဆာန်ကောင်ရေများအား တိရစ္ဆာန်ကာကွယ်ဆေးပုံမှန်ထိုးပေးရန် လိုအပ်ကြောင်း တွေ့ရပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☐ အသင့်အတင့်☑ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☑ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☐ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
သွင်းအားစု (**မွေးမြူရေးအစာ၊ ဆေးစသည်**) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များ ရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချ နိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
